# ရပ်ဆာဒေသမှ ချွေးစက်များ



နေ့လယ် ၁၁ နာရီခန့်ရှိပြီ။ ဧပြီလနွေ၏ အပူဒဏ်သည် ၃၈ ဒီဂရီစင်တီဂရိတ် (38°C) အထိ မြင့်တက်လာပြီး နေရောင်အောက်တွင် နေ့စဉ် အလုပ်လုပ်ကိုင်နေကြသည့် ရေလုပ်သားများ၏ အကျီများမှာလည်း နေလောင်ဒဏ်ကြောင့် အရောင်မွဲလျက်ရှိသည်။



ထိုရေလုပ်သားတစ်စုသည် ငါးဖမ်းထွက်ရန် ပြင်ဆင်လျက် ရေစပ်တေးတွင်ရပ်နားထားသည့် စက်တပ်လှေငယ်များဆီသို့ ကိုယ်စီလျှောက်လှမ်းသွားကြသည်။ ထို့နောက် နွေရာသီအပူကြောင့် လှေဝမ်းများ ကွဲအက်မသွားစေရန် ဖြည့်ထားခဲ့သည့်ရေများကို ရေခွက်အဖြစ်အသုံးပြုသည့် အင်ဂျင်ဝိုင်ဘူးဟောင်းများဖြင့် ခပ်ထုတ်နေကြသည်။



ရေခပ်ထုတ်ပြီးသည့်နောက် လှေငယ်များပေါ်ရှိ အင်ဂျင်စက်များကို နှိုးလိုက်သည်နှင့်တပြိုင်နက် လှေများသည် ရေနုတ်မြောင်းအတွင်းမှ လျင်မြန်စွာ ရွေ့လျားထွက်ခွာသွားကြသည်။

လှေတစ်စင်းလျှင် ရေလုပ်သားနှစ်ဦးစီ လိုက်ပါသည့် ထိုစက်တပ်လှေငယ်များအားလုံးသည် ကမ္ဘာ့ အသိအမှတ်ပြု ရေတိမ်ဒေသတစ်ခုဖြစ်သော ရမ်ဆာရေတိမ်ဒေသ ထိန်းသိမ်းရေးနယ်မြေ (Ramsar Site) မိုးယွန်းကြီးအင်းဆီသို့ ဦးတည်သွားလာနေကြခြင်း ဖြစ်သည်။

## "လှေဦးစီး....စီးသည့်အခိုက်"

ထိုရေလုပ်သားတစ်စုသည် မနေ့ညက ချထားခဲ့သော ငါးဖမ်းပိုက်များကို ပြန်လည်ဖော်ယူရန် မိုးယွန်းကြီး အင်းအတွင်းသို့ ဦးတည်သွားနေကြခြင်းပင်ဖြစ်သည်။ ပိုက်ထောင်ရာမှ ရရှိလာသော ငါးများကို အင်းအနီးရှိ ကျေးရွာများမှ ငါးအဝယ်ဒိုင်များထံသို့ ရောင်းချကြပြီးနောက် ဒုတိယအကြိမ် အင်းထဲသို့ ပြန်ဆင်းကာ ပိုက်များ ထပ်မံထောင်ရန် ဆက်လက်လုပ်ကိုင်နေကြပြန်သည်။



ထိုသို့ ကျောကွဲမတတ်ပူသည့် နေရောင်အောက်တွင် အကျီများနေလောင်၍ ကျောမွဲသည်အထိ နေ့စဉ် ကြိုးပမ်းလုပ်ကိုင်နေကြသော်လည်း ရေလုပ်သားများ၏ ဘဝမှာထူးခြားသည့် အပြောင်းအလဲများကို မတွေ့မြင်ရချေ။ စားဝတ်နေရေး အတန်အသင့် ပြေလည်ရုံသာရှိပြီး ငါးပေါ်များစွာ ရရှိသည့် နေ့များ တွင်သာ ဝမ်းရေးပြေလည်ကြသည့် ဘဝများကို တင်းတိမ်ရောင့်ရဲ နေကြရသည်။ ရေလုပ်သားတို့၏ ဘဝသည် လှေဦး ရေစိုခိုက်မှာသာ ဝမ်းစိုနိုင်ကြသည်။

"ငါးရှာထွက်တိုင်း ဆီက တစ်ဘူးခွဲလောက်ကုန်တယ်။ ရေခဲဝယ်တာပါ ထည့်လိုက်ရင် အရင်းအနှီးက နှစ်သောင်းခွဲကနေ သုံးသောင်းလောက်ထိ ရှိတယ်။ ဒါပေမဲ့ ကိုယ်ပိုင်ငွေကြေး မပြေလည်တော့ ငါးဒိုင်တွေဆီကနေ ပိုက်ဆံကြိုယူရတယ်။ အဲဒီလိုဖြစ်တော့ ငါးရောင်းတဲ့အခါမှာလည်း ပေါက်ဈေး မရတော့ဘူး။ ဈေးကွက်ထဲမှာ သုံးသောင်းရရင် ဒိုင်မှာတော့ နှစ်သောင်းလောက်ပဲ ရတယ်။ ကိုယ့်မှာ မပြေလည်လို့ ကြိုယူထားရတာကြောင့်ပါ" ဟု ရေလုပ်သား ကိုကျော်ဦး (အမည်လွှဲ) က ပြောကြားသည်။

မိုးယွန်းကြီးအင်းထဲတွင် ငါးအပါအဝင် ရေနေသတ္တဝါများကို အခမဲ့ ဖမ်းဆီးရမိနိုင်သော်လည်း လှေ၊ ငါးဖမ်းပိုက်နှင့် အခြားရေလုပ်ငန်းသုံး ကိရိယာများ၏ တန်ဖိုးသည် ကျပ်သိန်း (၂၀) ခန့်အထိ ရှိနေသည်။ လှေဦးစီးမှသာ ဝမ်းစာကြရသည့် ရေလုပ်သားများအတွက် ထိုပမာဏမှာ များပြားလွန်းလှသည်။

ထို့ကြောင့် ရေလုပ်သားအများစုသည် လိုအပ်သည့် ငါးဖမ်းကိရိယာများနှင့် စက်တပ်လှေများကို ငါးအဝယ်ဒိုင်များထံမှ ငွေကြိုထုတ်ကာဝယ်ယူကြပြီး နေ့စဉ်ဖမ်းဆီးရမိသည့် ငါးများကို ယင်းငါးဒိုင်များထံသို့ ပြန်လည်ပို့ဆောင်က အကြွေးပေးချေခြင်းစနစ်ဖြင့်သာ လုပ်ကိုင်စားသောက် နေကြရသည်။



“အခု လှေ၊ ပိုက်၊ စက်တွေ ဝယ်ထားတာ သိန်း ၂၀ ကျော်လောက်ရှိနေတယ်။ ဒါကို ငါးဒိုင်က ကြိုထုတ်ပေး ထားတာပါ။ ဒိုင်က အလေးပေါ်မှာလည်း စားတယ်။ ဈေးပေါ်မှာလည်း စားတယ်။ နှစ်ခါစားပေါ့။ အဲဒီတော့ ငါးရှာသမားက မချမ်းသာဘူး။ ငါးဒိုင်ပဲ ချမ်းသာသွားတာ” ဟု ကိုကျော်ဦးက ဆက်လက်ပြောပြသည်။

နေပူ၊ မိုးရွာမရှောင် ရေထဲဆင်း၍ အလုပ်လုပ်ကြရသော ရေလုပ်သားများသည် ကျန်းမာရေးမကောင်း ဖြစ်သည့် အခါမျိုးနှင့် လှေ၊ ပိုက် စသည့် ကိရိယာများ ပျက်စီးသည့်အခါ ပြုပြင်ရန် လိုအပ်သော ကုန်ကျ စရိတ်များကြောင့် အကြွေးသံသရာမှ ရုန်းထွက်နိုင်ခြင်း မရှိသေးပေ။



## “ရပ်ဆာဒေသကို အမှီပြုကြသူများ”

မိုးယွန်းကြီးအင်းသည် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအတွက် “ဟင်းအိုးကြီး” တစ်ခုသဖွယ် အရေးပါသော သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။ သုံးအိမ်စု၊ ဖလောက်တန်း၊ ပျဉ်ပုံ၊ တာဆုံ၊ တာရွ၊ ကပင် အပါအဝင် ကျေးရွာပေါင်း (၁၇) ရွာမှ ဒေသခံများသည် မိုးယွန်းကြီးအင်းကို အမှီပြုကာ အသက်မွေးဝမ်းကျောင်းပြုနေကြသည်။

ဒေသခံများသည် အင်းအတွင်းရှိ ရေသယံဇာတများကို ဖမ်းဆီးရောင်းချကာ နေ့စဉ်ဝမ်းရေးကို ဖြေရှင်းကြသလို စိုက်ပျိုးရေးလုပ်ငန်းများ အထူးသဖြင့် နွေစပါးစိုက်ပျိုးရေးကိုလည်း လုပ်ကိုင်ကြသည်။ ထို့အပြင် မိုးယွန်းကြီး အပန်းဖြေစခန်းတွင် ဝန်ထမ်းအဖြစ် လုပ်ကိုင်နေကြသော ဒေသခံများလည်း ရှိကြသည်။




မိုးယွန်းကြီးအင်းတွင် ရေလုပ်သားအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသူ အရေအတွက်မှာ (၈၀) ခန့် ရှိပြီး ငါးဖမ်းဆီးရောင်းချခြင်းဖြင့် မိသားစုဘဝ ရှင်သန်ရပ်တည်ရေးကို လုပ်ကိုင်နေကြရသည်။ အဆိုပါ အင်းအတွင်း၌ ရေချိုငါးမျိုးစိတ်ပေါင်းများစွာ ပေါကြွယ်ဝပြီး ငါးရံ့၊ ငါးခူ၊ ငါးဘတ်၊ ငါးနုသန်း၊ ငါးဖီးမ (တီလားဖီးယား)၊ ငါးဖယ်၊ ငါးဖယ်အောင်း၊ ငါးဖောင်ရိုး၊ ငါးအိုက်၊ ငါးမြွေထိုး၊ ငါးမျက်ဆန်နီ၊ ငါးရှဉ့်၊ ငါးကြင်း စသည့် ငါးမျိုးစိတ်များကို တွေ့ရသည်။

ဝါဆို၊ ဝါခေါင်ကဲ့သို့ ရေများသည့်လများတွင် ရေချိုပုဇွန်နှင့် လယ်ပုဇွန်လုံးများကိုလည်း ပေါများစွာ ဖမ်း ဆီးရမိကြောင်း ဒေသခံရေလုပ်သားများက ပြောပြသည်။ ထို့အပြင် "ဗီလား" ထောင်သည့် လုပ်ငန်းကို လုပ်ကိုင်သူများလည်း ရှိကြသည်။

မိုးယွန်းကြီးအင်းသည် ရေလုပ်ငန်းအတွက်သာမက ဘဲမွေးမြူရေးလုပ်ငန်းများအတွက်လည်း အထောက် အကူဖြစ်စေသည်။ အင်းအတွင်း ရှင်သန်ပေါက်ရောက်နေသော ဗေဒါပင်များကို ဘဲစာအဖြစ် အသုံးပြုကြ သဖြင့် ဒေသခံဘဲမွေးမြူသူများအတွက် သဘာဝကပေးသော လက်ဆောင်တစ်ခုလည်း ဖြစ်နေပါသည်။

မိုးယွန်းကြီးအင်းရှိ ငါးသယံဇာတများကို ထိခိုက်ပျက်စီးစေနိုင်သည့် ဘတ်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်း ကို သတိပေးတားမြစ်ထားပြီး “ဘတ်ထရီရှော့တိုက် ငါးမဖမ်းရ” ဟူသည့် အနီရောင်ဗီနိုင်းဆိုင်းဘုတ်များ ကို အင်းအတွင်းရှိ သစ်ပင်များတွင် ချိတ်ဆွဲထားသည်ကို တွေ့မြင်နိုင်ပါသည်။




ဒေသခံရေလုပ်သားများသည် မိုးယွန်းကြီးအင်းတွင် ငါးဖမ်းကိရိယာအဖြစ် ပိုက်ချခြင်း၊ ပိုက်ဆွဲခြင်း၊ ကိုင်းထောက်ခြင်း၊ ငါးမျှားတံအသုံးပြုခြင်းနှင့် ယက်သဲ့အသုံးပြုခြင်းတို့ကို အများဆုံးလုပ်ကိုင်ကြပြီး ခြုံချ ဖမ်းဆီးမှုများလည်း ရှိကြသည်။ ငါးဖမ်းပိုက်များအနက် ဒေသအခေါ် “ငါးခုံးမပိုက်” (သုံးမတ်ပိုက်)ကို အများဆုံးအသုံးပြုကြသည်။

"ရေချိုငါးမျိုးစုံ ရကြပါတယ်။ တစ်ခါတလေတော့ ရှော့တိုက်ပြီး ငါးခိုးဖမ်းတာတွေ ရှိတယ်။ သစ်တောဌာနက လိုက်ထိန်းတာရှိတယ်။ ဒီမှာတော့ သစ်တောဝန်ထမ်းတွေ အမြဲရှိတယ်။ တစ်ခါတလေ ငါးလုပ်ငန်းဦးစီးကလည်း ဝင်စစ်တယ်။ ဒီရွာကတော့ ရှော့မတိုက်ပေမဲ့ ဘေးရွာတွေက လာလုပ်တာတွေ ရှိတယ်" ဟု သုံးအိမ်စုရွာမှ ဒေသခံတစ်ဦးက ပြောသည်။




မိုးယွန်းကြီးအင်းတွင် ရှော့တိုက်ငါးဖမ်းခြင်းအပြင် အိုင်ပတ်ငါးဖမ်းခြင်း၊ မျှော့ရှာဖွေခြင်းနှင့် ဒိုက်တော၊ ပဒုမ္မာကြာတောများအား ဖျက်ဆီးခြင်းတို့ကို တားမြစ်ထားသည်။ ထို့အပြင် ဆောင်းခိုငှက်များအား ဖမ်း ဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အဆိပ်ချခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းများ မပြုလုပ်ကြရန် သစ်တောဦး စီးဌာနက သတိပေးထားသည်။

ထိုသို့ သတိပေးတားမြစ်ထားခြင်းကို လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည် ဖြစ်ကြောင်း ဖော်ပြထားသည့် အနီရောင်သတိပေးဆိုင်းဘုတ်များကိုလည်း အင်းအတွင်းစိုက်ထူထား သည်။

### *"ရေချိုငါးနှင့် ဆောင်းခိုငှက်များ၏ နားခိုရာ သို့မဟုတ် မိုးယွန်းကြီးအင်း"*

ရေချိုငါးမျိုးစိတ်များနှင့် ရွှေ့ပြောင်းငှက်မျိုးစုံတို့ မှီတင်းနေထိုင်ရာ မိုးယွန်းကြီးအင်းကို လေ့လာကြည့်မည်ဆိုပါက သဘာဝအရင်းအမြစ် တန်ဖိုးသာမက သမိုင်းဝင်အင်ဂျင်နီယာ အမွေအနှစ်တစ်ခုအဖြစ်ပါ တွေ့မြင်နိုင်သည်။

မိုးယွန်းကြီးအင်းသည် လူလုပ်အင်းတစ်ခုဖြစ်ပြီး ၁၉၀၄ ခုနှစ် အင်္ဂလိပ်အစိုးရ လက်ထက်တွင် တူးဖော်ဖန်တီးခဲ့ခြင်း ဖြစ်သည်။

မူလရည်ရွယ်ချက်မှာ အင်းအတွင်း ရေသိုလှောင်ထားက ပဲခူး—စစ်တောင်းတူးမြောင်းအတွင်း ကျွန်းသစ်ဖောင်များ မျှောသယ်ရာတွင် လိုအပ်သည့်ရေကို ဖြည့်တင်းပေးနိုင်ရန် ဖြစ်သည်။





ထိုခေတ်က စက်ယန္တရားကြီးများ မရှိသေးသည့်အချိန်တွင် လူသားအင်အားဖြင့် တူးဖော်တည်ဆောက် ခဲ့ခြင်းကြောင့် မိုးယွန်းကြီးအင်းသည် အတိတ်ခေတ် အင်ဂျင်နီယာပညာ၏ အထင်ကရအမွေအနှစ် တစ်ခု လည်း ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံ၏ ရေကြောင်းပို့ဆောင်ရေးသမိုင်းကို ပြန်လည်လေ့လာကြည့်ပါက လှေသင်္ဘောများနှင့် သစ်ဖောင်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် အင်ဂျင်နီယာပညာဖြင့် ဖောက်လုပ်ခဲ့သည့် လူလုပ်တူးမြောင်းကြီး နှစ်ခုရှိခဲ့သည်။ ယင်းတို့မှာ တွံတေးတူးမြောင်းနှင့် ပဲခူး—စစ်တောင်းတူးမြောင်းတို့ ဖြစ်ကြသည်။

မိုးယွန်းကြီးအင်းသည် ပဲခူး–စစ်တောင်းတူးမြောင်းအတွက် ရေဖြည့်တင်းပေးနိုင်ရန် ရည်ရွယ်တူးဖော် ခဲ့သည့် အင်းတစ်ခုဖြစ်သည်။ ပဲခူး–စစ်တောင်းတူးမြောင်း ပေါ်ပေါက်လာရသည့် အကြောင်းရင်းမှာလည်း စစ်တောင်းမြစ်ဝှမ်းဒေသ၏ သစ်တင်ပို့ရေးသမိုင်းနှင့် နီးကပ်စွာ ဆက်စပ်နေသည်။

စစ်တောင်းမြစ်ဝှမ်းသည် ယခင်က ကျွန်းသစ်အဓိကထွက်ရှိရာ အဖိုးတန်ဒေသတစ်ခုဖြစ်ပြီး ထုတ်လုပ်ရရှိသည့် ကျွန်းသစ်များကို ရန်ကုန်ဆိပ်ကမ်းသို့ ပို့ဆောင်ရာတွင် မြစ်ကြောင်းမှ သစ်ဖောင်များဖြင့် မျှောပို့ခြင်းသည် ဂန္တဝင်အကျဆုံး နည်းလမ်းဖြစ်ခဲ့သည်။



သို့သော် စစ်တောင်းမြစ်သည် ဒီရေလှိုင်းကြီးမားသော မြစ်တစ်စင်းဖြစ်သဖြင့် ဒီရေတက်ချိန်များတွင် လှိုင်းပြင်းထန်က သစ်ဖောင်များနှင့် သင်္ဘောများ နစ်မြုပ်ပျက်စီးသည်အထိ အန္တရာယ်များခဲ့သည်။

ယင်းသည် သစ်ကုန်သည်များနှင့် ဗြိတိသျှအစိုးရအတွက် အဓိကပြဿနာတစ်ရပ် ဖြစ်လာခဲ့သည်။ ထို့ကြောင့် ပဲခူး–စစ်တောင်းတူးမြောင်းကို တူးဖော်ခဲ့ပြီး ထိုတူးမြောင်းအတွင်းသို့ ရေဖြည့်တင်းပေးနိုင် မည့် ရေစုဧရိယာအဖြစ် မိုးယွန်းကြီးအင်းကို ဖန်တီးခဲ့ခြင်း ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် မိုးယွန်းကြီးအင်းကို ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပြီး ဧရိယာ စတုရန်းမိုင် (၄၀) ခန့် ကျယ်ဝန်းသည်။ ယနေ့တွင် မိုးယွန်းကြီးအင်းသည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မှ (၁၉) မိုင်ခန့်အကွာ ရန်ကုန်–မန္တလေး လမ်းဟောင်း လမ်းမကြီးဘေးတွင် တည်ရှိကာ မြန်မာနိုင်ငံ၏ ပထမဆုံး ရေတိမ်ဒေသ (Ramsar Site) အဖြစ် ထင်ရှားနေသည်။




### "ဆောင်းခိုငှက်များ၏ ပျော်စံရာ"

မိုးယွန်းကြီးအင်းသို့ ဆောင်းခိုဝင်ရောက်လာသည့် ငှက်များမှာ ကမ္ဘာ့ငှက်ပျံသန်းရာ လမ်းကြောင်း ကိုးခုအနက် အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း (East Asian–Australasian Flyway)၊ အာရှအလယ်ပိုင်း ပျံသန်းရာလမ်းကြောင်း (Central Asian Flyway) နှင့် အနောက်အာရှ-အရှေ့အာဖရိက ပျံသန်းရာလမ်းကြောင်း (West Asian–East African Flyway) တို့မှ ဖြတ်သန်းဝင်ရောက်လာခြင်း ဖြစ်ကြောင်း သိရသည်။

အင်းကြီးထဲသို့နှစ်စဉ် နိုဝင်ဘာလမှစပြီး ဆောင်းခိုငှက် မျိုးစိတ်ပေါင်း (၁၀၀)ကျော် ဝင်ရောက်လေ့ရှိပြီး မှတ်တမ်းများအရ ရှားပါးငှက်စိတ်များဖြစ်သော ကြိုးကြာခေါင်းနီနှင့် ကြိုးကြာခေါင်းမည်းတို့ပါ လာ ရောက် ကျက်စားနေကြသည်ကို ဓာတ်ပုံမှတ်တမ်းများရယူနိုင်ခဲ့သည်။



၂၀၂၅ ခုနှစ်အတွင်း ကောက်ယူရရှိထားသည့် မှတ်တမ်းများအရ မိုးယွန်းကြီးအင်းသို့ ဝင်ရောက်လာသည့် ဆောင်းခိုငှက်မျိုးစိတ် (၂၉) မျိုးတွင် ဘဲရစ်၊ ဘဲပြာကလေး၊ ရေကြက်ဒုံ၊ တစ်တီတူး၊ ငါးဟစ်မွဲ၊ တောဝမ်းဘဲ၊ တလိုင်းခေါင်း၊ မယ်သို၊ ခြေနီရေသျှောင့်ငှက်၊ မြစ်တွေးငှက်နှင့် စစ္စလီငှက်တို့အပြင် ရှားပါးမျိုးစိတ်ဖြစ်သည့် ခရုစုတ်ခေါင်းမည်းငှက်လည်း ဝင်ရောက်နားခိုကြသည်။

မိုးယွန်းကြီးအင်းတွင် ယမန်နှစ်က ဆောင်းခိုငှက်ရာသီအတွင်း ဆောင်းခိုငှက်မျိုးစိတ်ပေါင်း (၁၁၂) မျိုး ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင်လည်း ငှက်မျိုးစိတ်ပေါင်း (၁၀၀) ကျော်အထိ ဝင်ရောက်လာနိုင်ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးက ခန့်မှန်းထားသည်။



ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစွာ ရှင်သန်ကျက်စားနေသည့် မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ဆောင်းရာသီ ကာလအတွင်း နို့တိုက်သတ္တဝါ (၁၂၀) မျိုး၊ ကုန်းနေရေနေသတ္တဝါနှင့် တွားသွားသတ္တဝါ (၂၈) မျိုး၊ အင်းဆက်မျိုးစိတ် (၃၃) မျိုး၊ ဌာနေငှက်မျိုးစိတ် (၇၇) မျိုး၊ ငါးမျိုးစိတ် (၄၄) မျိုးနှင့် ရေနေအပင် (၇၄) မျိုး တို့ ရှင်သန်ရပ်တည်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ မြောက်ဘက်ရှိ ရေခဲဖုံး ဟိမဝန္တာတောင်တန်းဒေသမှ တောင်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသအထိ ဂေဟစနစ်အမျိုးမျိုး ကွဲပြားတည်ရှိနေသည့် နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ၎င်းဂေဟစနစ်များအနက် ရေတိမ်ဒေသ (Ramsar Site) သည်လည်း အရေးပါသည့် ဂေဟစနစ်တစ်မျိုးအဖြစ် ပါဝင်လျက်ရှိပါသည်။




ရေတိမ်ဒေသများသည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံအသီးသီးတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျ သည့် သဘာဝသယံဇာတများနှင့် ဂေဟစနစ်များကို ထိန်းသိမ်းပေးနိုင်သည့် ဒေသများအဖြစ် သတ်မှတ် ထားပြီး အထူးဂရုပြု ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက်ရှိကြသည်။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်နှင့် ရာသီဥတု ဟန်ချက်ညီစေရေး၊ ရေပျော်ငှက်များ၏ ကျက်စားနားခိုရာ

ရေတိမ်ဒေသများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံပေါင်း (၁၆၈) နိုင်ငံက ရမ်ဆာရေတိမ်ဒေသ (၂,၁၇၁) ခု၊ ဧရိယာစုစုပေါင်း ဟက်တာ သန်း (၂၀၀) ကျော်ကို သတ်မှတ်ထိန်းသိမ်းလျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီးရှိ မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် လည်း ယင်း(Ramsar Site) ရေတိမ်ဒေသများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် (Ramsar Site) ရေတိမ်ဒေသအဖြစ် သတ်မှတ်ထားသည့် နေရာခုနစ်ခုရှိပြီး ယင်းတို့မှာ မုတ္တမကွေ့၊ အင်းတော်ကြီး၊ မိန်းမလှကျွန်း၊ မိုးယွန်းကြီးအင်း၊ အင်းလေးကန်၊ မေယုမြစ်အနီးရှိ နန်းသာကျွန်းနှင့် ပုလိပ်အင်းတို့ဖြစ်ကြသည်။




လက်ရှိအချိန်တွင် မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် ဆောင်းခိုငှက်များနှင့် ရေပျော်ငှက်များ လာရောက်နားခိုရာ ဒေသတစ်ခုဖြစ်လာသဖြင့် ကမ္ဘာလှည့်ခရီးသည်များအပြင် ပြည်တွင်း ငှက်ဝါသနာရှင်များပါ လာရောက်လေ့လာကြသည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Ecotourism) နေရာတစ်ခုအဖြစ်လည်း ထင်ရှားလာသည်။

ဧက ၂၅,၆၀၀ ခန့် ကျယ်ဝန်းသည့် မိုးယွန်းကြီးအင်းသည် ပတ်ပတ်လည် စတုရန်းမိုင် ၄၀ ခန့်ရှိပြီး မိုးတွင်းကာလတွင် ရေအနက် ခြောက်ပေမှ ရှစ်ပေခန့်အထိ ရှိသည်။ နိုဝင်ဘာလမှစတင်က ရေ မျက်နှာပြင် တဖြည်းဖြည်း လျော့နည်းလာပြီး အင်း၏ အချို့နေရာများတွင် ရက် ၉၀ နွေစပါးများ စိုက်ပျိုးကြသည်။ ထို့ပြင် ရေနည်းချိန်တွင် အင်းအတွင်းရှိ ရေချိုငါးမျိုးစိတ်များကလည်း ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးလျက်ရှိသည်။

မိုးယွန်းကြီးအင်းသည် ဂေဟစနစ် ဟန်ချက်ညီစေရန် ထိန်းညှိပေးနေသည့်အပြင် ဆောင်းခိုငှက်များ၊ ဒေသနေရေပျော်ငှက်များ၊ ရေချိုငါးမျိုးစိတ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ နားခိုကျက်စားရာ ဒေသတစ်ခု လည်းဖြစ်သည်။




အချုပ်ဆိုရသော် မိုးယွန်းကြီးအင်းသည် ယင်းအင်းအားမှီခိုနေကြသည့် ကျေးရွာ (၁၇) ရွာအတွက် အရေး ပါသည့် အသက်မွေးဝမ်းကျောင်း အရင်းအမြစ်တစ်ခုလည်းဖြစ်ကြောင်းကို သုံးအိမ်စုကျေးရွာဒေသခံ ကိုကျော်ဦးက အခုလိုပဲ ဖွင့်ဟပြောကြားခဲ့သည်။

“ဒေသခံတွေက ဒီအင်းကိုပဲ မှီခိုစားသောက်နေကြတာပါ။ အမိအဖအင်းကြီးသဖွယ်ပါပဲ”